POINT ( Promotion of Indigenous and Nauture Together )
ပွိုင့် ( ရိုးရာဝန်းကျင်မြှင့်တင်ရေးအဖွဲ့ )
သတင်းစာစောင်
Volume - 3, Issue # 2 (June 2016)



# မည်သူတို့မှာ "ဌာနေတိုင်းရင်းသားများ" ဖြစ်ကြသနည်း။

ရေးသားသူ Dr. Chris Erni

## ဌာနေတိုင်းရင်းသားများ၊ လူမျိုးများနှင့် သီးသန့်လူမျိုးများ ဆိုသည်မှာ –

- မိမိတို့၏မြေပိုင်နက်တွင် ကိုလိုနီများကျူးကျော်ဝင်ရောက် သိမ်းပိုက်၍ လူမှုအသိုင်းအဝိုင်းများ မတည်ထောင်မီက တည်းက သမိုင်းအစဉ်အဆက်နေထိုင်လာခဲ့သူများ။
- လက်ရှိမြေပိုင်နက်များတွင်နေထိုင်သည့် လူမှုအသိုင်းအဝန်း များနှင့် မတူညီတမူထူးခြား ကွဲပြားသူများဖြစ်ကြောင်း မိမိ ကိုယ်ကို လက်ခံထားသူများ။
- လက်ရှိလူမှုအသိုင်းအဝိုင်းတွင် ဩဇာလွှမ်းမိုးချုပ်ကိုင်မှုမရှိ သောသူများ။
- မိမိတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှုပုံစံများ၊ လူမှုအဖွဲ့အစည်းနှင့် ဓလေ့ထုံးတမ်းဥပဒေစနစ်များနှင့်အညီ မိမိတို့၏ မြေယာပိုင် နက်များနှင့် လူမျိုးစု၏ ထင်ရှားသောကိုယ်ပိုင်လက္ခဏာ များကို ထိန်းသိမ်းဖွံ့ဖြိုးတိုးတက်စေ၍ နောင်မျိုးဆက်များထံ လက်ဆင့်ကမ်းပေးရန် ပြင်ဆင်ဆောင်ရွက်သူများ။

## မာတိကာ

- မည်သူတို့မှာ ဌာနေတိုင်းရင်းသားများဖြစ်ကြသနည်း။
- လွတ်လပ်သော ကြိုတင်အသိပေးတိုင်ပင်မှုနှင့် လူထု သဘောထားရယူမှု အက်(ဖ)ပီအိုင်စီ။
- Voices Of the Month
- ပဲရစ်သဘောတူညီချက်။
- ဌာနေတိုင်းရင်းသားများနှင့် ကမ္ဘာ့ကုလသမဂ္ဂ။
- မြန်မာနိုင်ငံအခြေအနေမှ REDD+ လုပ်ငန်းစဉ်။
- မြန်မာနိုင်ငံတွင် ဆောင်ရွက်နေသော REDD+ လုပ် ငန်းများ။
- ဌာနေတိုင်းရင်းသားများနှင့် မြေယာအကြားဆက်နွယ်မှု။
- ပွိုင့် (ရိုးရာဝန်းကျင်မြှင့်တင်ရေးအဖွဲ့)၏ လုပ်ရှားမှုများ။
- ပွိုင့် (ရိုးရာဝန်းကျင်မြှင့်တင်ရေးအဖွဲ့ )မှ ပုံနှိပ်ထုတ် ဝေမှုများ။

**သမိုင်းအစဉ်အဆက်နေထိုင်ခဲ့သူများသည် အောက်ပါအချက်တစ်ခု (သို့မဟုတ်) တစ်ချက်ထက်ပိုသော အကြောင်းအရာများနှင့်ကိုက်ညီမှုရှိကြသည်။**









(က) အားလုံး (သို့မဟုတ်) အနည်းဆုံးအနေဖြင့် တချို့သော ဘိုးဘွားပိုင်နယ်မြေများပိုင်ဆိုင်ကြသူများ။

(ခ) လက်ရှိမြေများကို နဂိုမူလပိုင်ဆိုင်ခဲ့သူများနှင့် တူညီသော လူမျိုးစုမျိုးဆက်များ။

(ဂ) ယေဘုယျအားဖြင့်ယဉ်ကျေးမှု(သို့မဟုတ်)အထူးပေါ်လွင်သည့်အချက်များ (ဥပမာအားဖြင့်ဘာသာကိုးကွယ်မှု၊ မျိုးနွယ်စုစနစ်အတွင်း နေထိုင်သူများ၊ ဌာနေတိုင်းရင်းသားလူမျိုးစုဝင်များ၊ အဝတ်အစား၊ အက်မွေးဝမ်းကျောင်းမှုပုံစံ၊ အသက်ရှင် နေထိုင်မှုပုံစံ၊ စသည်ဖြင့်)။

(ဃ) ဘာသာစကား (မိခင်ဘာသာစကားကဲ့သို့ တစ်မျိုးထဲသော ဘာသာစကားကို အသုံးပြုခြင်း (သို့) မိမိဇာတိရပ်ရွာ၊ မိသားစုအတွင်း ပုံမှန်ဆက်သွယ်ပြောနေကျဘာသာစကား (သို့) အဓိကအနေဖြင့် ပို၍နှစ်သက်သဘောကျပြောလေ့ ပြောထရှိသည့် နဂိုရှိရင်းစွဲဘာသာစကား)။

(င) တိုင်းပြည်တွင်းရှိနေရာဒေသတစ်ခုတွင် သီခြားနေထိုင်သူများ(သို့) ကမ္ဘာ့နေရာဒေသတစ်ခုတွင်သီးခြားနေထိုင်သူများ။

## ကမ္ဘာ့ဌာနေတိုင်းရင်းသားများ

ကမ္ဘာနှင့်တဝှမ်းတွင် ဘာသာစကားအမျိုးပေါင်း ၅၀၀၀ မှ ၇၀၀၀အထိရှိပြီး ၎င်းတို့အနက် ဌာနေတိုင်းရင်းသားတို့၏ ဘာသာစကားမှာ အမျိုးအစား ၄၀၀၀ မှ ၅၀၀၀ အထိရှိသည်။ ဌာနေတိုင်းရင်းသားများသည် ကမ္ဘာ့လူဦးရေ၏ ၄. ၄%၊ လူဦးရေအားဖြင့် သန်းပေါင်း ၃၀၀ခန့် ရှိသည်။









**ဂျိုးစ်မာတင်နိစ်ကိုဘို၊ ကုလသမဂ္ဂအထူးကိုယ်စားလှယ် ၁၉၈၆**

## အာရှတိုက်ရှိဌာနေတိုင်းရင်းသားများ

- တောင်အာရှ၊ အရှေ့တောင်အာရှနှင့် အရှေ့အာရှဒေသတွင်း၌ပင် ဌာနေတိုင်းရင်းသားဦးရေ သန်း ၂၆၀ခန့် ရှိနေပါသည်။
- တိုင်းရင်းသားမျိုးနွယ်စုပေါင်း ၂၀၀၀ကျော်ခန့် ရှိပါသည်။
- ဌာနေတိုင်းရင်းသားများကို ဌာနေတိုင်းရင်းသား၊ အာဒီဗာစီ၊ တိုင်းရင်းသား လူမျိုးစုငယ်များ၊ လူမျိုးစုများ၊ တောင်ပေါ်နေတိုင်းရင်းသားများ၊ တိုင်းရင်းသားလူမျိုးများဟု နိုင်ငံအသီးသီးတွင် မတူညီသော အသုံးအနှုန်းများဖြင့် ခေါ်ဝေါ်ကြသည်ကို တွေ့ရှိရပါသည်။

## အက်(ဖ)ပီအိုင်စီ (FPIC) ဆိုတာဘာလဲ။

ဌာနေတိုင်းရင်းသားများအနေဖြင့် အပြည်ပြည်ဆိုင်ရာ ဥပဒေတွင် ပြဋ္ဌာန်းထားသော မွေးရာပါအခွင့်အရေးတစ်ခုဖြစ်သည့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဆိုင်ရာ အခွင့်အရေးကို ရရှိရန်အတွက် လွတ်လပ်စွာ ကြိုတင်အသိပေးတိုင်ပင်ကာ သဘောထားရယူခြင်းနှင့် သက်ဆိုင်သောအခွင့်အရေးကို မဖြစ်မနေ ရရှိရန်လိုအပ်ပါသည်။

**လွတ်လပ်စွာ** - ငွေကြေးအမြောက်အများနှင့် လာဘ်ထိုးခြင်း(သို့) စစ်ဆင်ကာ သိမ်းပိုက်ခြင်းအပါအဝင် ပြင်ပမှ ဖိအားပေးခြင်း (အပြန်အလှန်သဘော တူညီမှုမရှိဘဲ)နှင့် ပြင်ပမှ ခြိမ်းခြောက်မှုများ လွတ်ကင်း၊ ကင်းရှင်းခြင်းကို ဆိုလိုပါသည်။

**ကြိုတင်ပြီး** - စီမံကိန်းမစတင်ခင်တွင် ပြင်ပဖိအားများမပါဘဲ အချက်အလက်စုဆောင်းရန်နှင့် ဆွေးနွေးတိုင်ပင်မှုများအတွက် လုံလောက်သော အချိန်အတိုင်းအတာကို ဆိုလိုပါသည်။

**အသိပေးတိုင်ပင်ကာ** - ခေါင်းဆောင်ကြီးများ၊ ဒေသခံလူ့အဖွဲ့အစည်းများနှင့် အခြားသော ပါဝင်ပတ်သက်သူများ၏ အမြင်အာဘော်နှင့် ရှုထောင့်များကို စုံလင်စွာ သုံးသပ်ထားသော သိသင့်သိထိုက်သည့် သတင်းအချက် အလက်များအားလုံးကို သိရှိခြင်း၊ လက်ဝယ်ရှိခြင်း တို့ကို ဆိုလိုပါသည်။

**သဘောတူညီမှုရယူခြင်း** - ဆုံးဖြတ်ချက်ချမှတ်သည့် အဖွဲ့အစည်းနှင့် ဒေသခံတိုင်းရင်းသားများအကြားတွင် ရှိသော ရှင်းလင်းပြတ်သားသည့် သဘောတူညီမှုကို သက်သေဖော်ပြမှုသဘောတရားဖြစ်သည်။




## အက်(ဖ)ပီအိုင်စီ (FPIC) ၏အရေးပါမှု။

အောက်ပါအရေးကြီးသော အခွင့်အရေးများကို **FPIC** ဖြစ်စဉ်တွင် အသိ အမှတ်ပြုထားပါသည်။

- ☐ လူတိုင်းဖွံ့ဖြိုးတိုးတက်ခွင့် အခွင့်အရေးများ။
- ☐ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် လူ့အခွင့်အရေးဆိုင်ရာ အခွင့်အရေးများ။
- ☐ ရိုးရာမြေယာသတ်မှတ်ခြင်းနှင့် ဒေသခံထိန်းချုပ်ခွင့် အခွင့်အရေးများ။
- ☐ ပဋိပက္ခများကို ဖြေရှင်းခြင်း။
- ☐ သဘောတူညီရန် ကြိုတင်စဉ်းစားခွင့်၊ လွတ်လပ်စွာပေးခွင့်အတွက်စိတ်ချသေချာစေခြင်း။
- ☐ အကောင်အထည်ဖော်မည့် ကုမ္ပဏီများအတွက် ပြတ်သားရှင်းလင်းမှုများကို စီမံပေးခြင်း။

## လူ့အဖွဲ့အစည်းပါဝင်မှုနှင့် သဘောထားရယူမှု

ဌာနေတိုင်းရင်းသားများအနေဖြင့် အပြည်ပြည်ဆိုင်ရာ ဥပဒေတွင် ပြဋ္ဌာန်းထားသော မွေးရာပါအခွင့်အရေးတစ်ခုဖြစ်သည့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဆိုင်ရာအခွင့်အရေးကို ရရှိရန်အတွက် လွတ်လပ်သော ကြိုတင်အသိပေးတိုင်ပင်မှုနှင့် လူထုသဘောထားရယူခြင်းနှင့် သက်ဆိုင်သောအခွင့်အရေးကို မဖြစ်မနေရရှိရန် လိုအပ်ပါသည်။

ရပ်ကျေးဒေသအဆင့်တွင် အက်(ဖ)ပီအိုင်စီ **(FPIC)**၏ မူဝါဒများကိုပြင်ပ ပယောဂကင်းသော ရိုးရာဓလေ့အခြေပြု ဥပဒေများနှင့် ကျင့်သုံးမှုကိုအသိအမှတ်ပြုသော ဒေသတွင်း ဆုံးဖြတ်ချက်ချမှတ်မှုဖြစ်စဉ် အဖြစ်သိမှတ်ထားကြသည်။

သစ်တောကိုအမှီပြုနေထိုင်သော ဒေသခံများနှင့် ဌာနေတိုင်းရင်းသားများသည် မိမိတို့ဘိုးဘေးစဉ်ဆက်နေထိုင်လာခဲ့သော မြေယာများပေါ်တွင်တည်ဆောက်မည် မည်သည့်စီမံကိန်းကိုမဆို သဘောတူ၊ လက်ခံ(သို့) ငြင်းပယ်ခြင်းနှင့် သက်ဆိုင်သော အခွင့်အရေးအားလုံး မိမိတို့တွင် ရှိနေသည်ဟု သိကိုသိထားရမည်။

သင့်အနေဖြင့် ဘိုးဘေးစဉ်ဆက်မြေပေါ်တွင် သတ္တုတူးဖော်ခြင်း၊ ငါးပုဇွန်မွေးမြူခြင်း၊ ရေကာတာ တည်ဆောက်ခြင်း၊ ရာသီဥတုပြောင်းလဲခြင်းနှင့် **REDD+** ရက်(ဒ်)အပေါင်း စီမံကိန်း အကောင်အထည်ဖော်ခြင်း၊ သစ်တောနှင့် စိုက်ပျိုးရေးစီမံကိန်းများကို လက်ခံသဘောတူလိုက်ခြင်းအားဖြင့် အဆိုပါမြေယာပိုင်ဆိုင်မှုနှင့်ပတ်သက်သော အခွင့်အရေးတစ်စိတ်တစ်ဒေသ(သို့) အပြည့်အဝကို သင်ပေးလိုက်ရခြင်းပင်ဖြစ်ပေသည်။

သင့်အနေဖြင့် ဒေသခံလူမှုအဖွဲ့အစည်းအပေါ်တွင် သက်ရောက်နိုင်သည့်လူမှု၊ စီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျိုးဆက်များကိုမသိ၊ နားမလည်ဘဲ စီမံကိန်းနှင့် သက်ဆိုင်သော သဘောတူစာချုပ်များကိုလက်မှတ်မထိုးခင် အက်(ဖ)ဖီအိုင်စီ **(FPIC)**ကို ကြိုတင်နားလည်သိထားရန် အထူးအရေးတကြီး လိုအပ်ပါသည်။



# အက်(ဖ)ပီအိုင်စီ FPIC ဖြစ်စဉ်

**1**



ဘယ်သူ ကုမ္ပဏီ က စီမံကိန်းကို အကောင် အထည်ဖော်မှာ လဲ ဆိုတာကို ရှာဖွေ ဖော်ထုတ်ပါ။

**2**



သင့်ရဲ့ရပ်ရွာလူထုနဲ့ ဆွေးနွေးပွဲတွေကို ကျင်းပပါ။

**3**



ရပ်ရွာလူထု တရပ်လုံး အနေဖြင့် နောက်ဆုံး ဆုံးဖြတ်ချက် ချမှတ်ပါ။

**4**



စီမံကိန်းအကောင်အထည် ဖော်မည့်သူကုမ္ပဏီများ နှင့် ဆက်သွယ်ဆက်ဆံ ရေးကိုဆက်ပြီး ထိန်း သိမ်းထားပါ။

## အက်(ဖ)ပီအိုင်စီ (FPIC) ကို ဘယ်မှာအသိမှတ်ပြုတာလဲ။

- ရပ်ရွာကျေးလက်အဆင့် မူဝါဒများ - ဥပမာ ဒေသတွင်း၊ အဖွဲ့အတွင်းဆုံးဖြတ်ချက်ချမှတ်မှုဖြစ်စဉ်တွင် ထည့်သွင်းစဉ်းစားခြင်း။
- နိုင်ငံအဆင့် မူဝါဒများ- ဥပမာ ၄င်းတို့၏ သဘောထားကို ဆွေးနွေးတိုင်ပင်ရန် ဌာနေတိုင်းရင်းသား(သို့) ဒေသခံများတွင် အခွင့်အရေးရှိခြင်း။
- နိုင်ငံတကာအဆင့် မူဝါဒများ - ဥပမာ ဒေသခံနှင့် ဌာနေတိုင်းရင်းသားများအနေဖြင့် ၄င်းတို့၏ ကိုယ်ပိုင်ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းကို ရွေးချယ်ပိုင်ခွင့်ရှိခြင်း။



မြေရှင်များနှင့် ဆီလျော်စွာတိုင်ပင်ဆွေးနွေးခြင်း

### တယ်လိုစီမံကိန်းတွေမှာ FPIC အခွင့်အရေး သင့်ထံမှာရှိသလဲ။

စီမံကိန်းကို အကောင်အထည်ဖော်သူ(ကုမ္ပဏီ) များနှင့် ညှိနှိုင်းတိုင်ပင်ရန်တခါတရံ ခက်ခဲပြီး ရှုတ်ထွေးတတ်ပါသည်။ ကုမ္ပဏီများသည် ဒေသခံလူအဖွဲ့အစည်းများ၏ ပါဝင်ပူးပေါင်းမှုကို ရှောင်တတ်ပြီး ငွေကြေးကို အသုံးပြုပြီးမြို့ပေါ်မှ ရှေ့နေကြီးများကို ခေါ်ယူအသုံးပြုတတ်ကြသည်။

စီမံကိန်းကြီးများ၏ အကျိုးအမြတ်(သို့) ထိခိုက်မှုများသည် ကျယ်ပြန့်ရှုတ်ထွေးပါသည်။ ထို့ကြောင့် သင်နှင့် သင်၏ဒေသအကျိုးကို ကာကွယ်ရန် ဥပဒေပိုင်းနှင့် နည်းပညာပိုင်းဆိုင်ရာ ပညာရှင်များကို ရှာဖွေပြီး စီမံကိန်း၏ အကျိုးဆက်များကို ပိုမိုနားလည်လာအောင် လုပ်ဆောင်ရန် သင့်ထံတွင် အခွင့်အရေးရှိပါသည်။

### ကျောထောက်နောက်ခံ အမှီအခိုကင်းသော ဥပဒေအကြံပေးများကို ရှာဖွေပါ

၁။ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ၊ REDD စီမံကိန်းများ။

၂။ ဆည်မြောင်းတာတမံ၊ ရေအားလျှပ်စစ်စီမံကိန်းများ။

၃။ သစ်တော၊ သစ်ထုတ်လုပ်ရေးစီမံကိန်းများ။

၄။ သီးနှံသစ်တော ရောနှောစိုက်ခင်းများ နှင့် စိုက်ပျိုးရေး စီမံကိန်းများ။

၅။ ဆီအုန်းစိုက်ပျိုးရေးစီမံကိန်းများ။

၆။ သတ္တုတူးဖော်ခြင်း၊ ရေနံသဘာဝဓာတ်ငွေ့စီမံကိန်းများ။

၇။ လမ်းတံတား၊ အခြေခံလူမှုအဆောက်အအုံစီမံကိန်းများ။

၈။ ငါးပုဇွန်၊ အဏ္ဏဝါအပန်းဖြေ စီမံကိန်းများနှင့် အခြားစီမံကိန်းများ။




REDD+ အတွက် နိုင်ငံအဆင့် အကြံပြုဆွေးနွေးပွဲကို ၂၀၁၆ခုနှစ်၊ ဇန်နဝါရီလ ၁၇ရက်မှ ၁၈ ရက်နေ့အထိ နေပြည်တော်တွင်ပြုလုပ်ခဲ့ရာ အရပ်ဖက်အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် အစိုးရဌာနများအပါအဝင် သက်ဆိုင်ရာအဖွဲ့ ၇၀တို့မှ ကိုယ်စားလှယ် ၇၆ဦးတို့က ပါဝင်ဆွေးနွေးပြီး၊ ဆွေးနွေးပွဲကို နိုင်ငံတကာ အဖွဲ့အစည်းတစ်ခုဖြစ်သည့် ပြည်သူများနှင့် သစ်တောများအတွက် ဗဟိုဌာန (RECOFTC) နှင့် ဒေသခံ NGO အဖွဲ့တစ်ခုဖြစ်သည့် POINT တို့က ပူးပေါင်းစီစဉ်ခဲ့သည်။

ဆက်စပ်ပတ်သက်သူများ ဆွေးနွေးပါဝင်ခြင်းနှင့် လုံခြုံစိတ်ချရမှု အစီအမံများဆိုင်ရာနှင့် တွန်းအားများနှင့် မဟာဗျူဟာဆိုင်ရာ နည်းပညာလုပ်ငန်းအဖွဲ့များကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ သစ်တောဦးစီးဌာနနှင့် ပူးတွဲကာ UN-REDD အစီအစဉ် အဖွဲ့က ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလတွင် ညှိနှိုင်းကျင်းပခဲ့ကြသည်။



## ပဲရစ်သဘောတူညီချက်

ရာသီဥတုပြောင်းလဲမှုကို တိုက်ဖျက်ရေး၊ ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေး ရေရှည်တည်တံ့သော ကြံ့ခိုင်သည့် အနာဂတ်တည်ဆောက်ရေးအတွက် ပဲရစ်မြို့တွင် နိုင်ငံပေါင်း ၁၉၅ နိုင်ငံတို့က သဘောတူညီခဲ့ကြသည်။

အတိတ်ကာလ၊ လက်ရှိနှင့် အနာဂတ်ကာလများအတွက် တာဝန်ယူမှုများအား ခြေခံထားသော ဘုံရပ်တည်ချက်တစ်ရပ်ဆီသို့ ပထမဆုံးအကြိမ် ရောက်ရှိနိုင်ခဲ့သည်။



## ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလက ပြုလုပ်ခဲ့သည့် အဓိကသဘောတူညီချက်များမှာ

- ကမ္ဘာ့အပူချိန်မြင့်တက်မှုကို ၂°C စင်တီဂရိတ်အောက်တွင် ထိန်းထားရန်နှင့် ဖြစ်နိုင်ပါက ၁.၅°C အထိ ထိန်းထားရန်။
- ၂၀၅၀ ခုနှစ်မှ ၂၁၀၀ နှစ်အတွင်း တချိန်ချိန်တွင် လူသားတို့လုပ်ဆောင်ချက်များကြောင့် ထွက်ရှိသောမှန်လုံအိမ်ဓာတ်ငွေ့ပမာဏကို သစ်ပင်များ၊ မြေဆီလွှာနှင့် သမုဒ္ဒရာများက သဘာဝအတိုင်းစုပ်ယူနိုင်သော ပမာဏများနှင့် ညီမျှသည့်အထိ ကန့်သတ်ဆောင်ရွက်ရန်၊
- စိန်ခေါ်မှုများကို ပိုမိုရင်ဆိုင်နိုင်ရန်အတွက် နိုင်ငံအလိုက်ထုတ်လွှတ်မှုလျှော့ချရေး ရည်မှန်းချက်များကို (၅)နှစ်တစ်ကြိမ် ပြန်လည်သုံးသပ်ရန်။
- ရာသီဥတုပြောင်းလဲမှုအရ လိုက်လျောညီထွေရှိစေရန်နှင့် ပြည့်ဖြိုးမြဲစွမ်းအင်များကို အသုံးချနိုင်ရန် ချမ်းသာသောနိုင်ငံများက ဆင်းရဲသောနိုင်ငံများအား ငွေကြေးပံ့ပိုးပေးနိုင်ရန်။

REDD+ အစီအစဉ် မြန်မာ၏ မူဝါဒအဆင့်ရှင်းလင်းတင်ပြချက် အမှတ်စဉ်(၁)မှ ကောက်နုတ်တင်ပြသည်။

ရေးသားသူ Dr. Chris Erni



## ကုလသမဂ္ဂဆိုသည်မှာအဘယ်နည်း။

- ၁၉၄၅ခုနှစ်တွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့သည့် နိုင်ငံတကာအဖွဲ့အစည်း ဖြစ်ပါသည်။
- အဖွဲ့ဝင်ပေါင်း ၁၉၃ နိုင်ငံပါပြီး လွတ်လပ်သောအချုပ်အခြာအာဏာပိုင်နိုင်ငံ အစိုးရ များ ကိုယ်ထူကိုယ်ထစုပေါင်းပါဝင်ထားသည့် အဖွဲ့အစည်းဖြစ်ပါသည်။
- ကုလသမဂ္ဂပဋိညာဏ်စာချုပ်ကို ခြေပြုဆောင်ရွက်သည့် အဖွဲ့အစည်းဖြစ်ပါသည်။

## ကုလသမဂ္ဂ၏ ရည်ရွယ်ချက်မှာ အဘယ်နည်း။

ကုလသမဂ္ဂပဋိညာဏ်စာချုပ်၊ ပုဒ်မ(၁)တွင် ဖော်ပြထားသည်မှာ -

- ကမ္ဘာ့နိုင်ငံများ၏ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ဖော်ဆောင်ရန်။
- လူမှုရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် မြှင့်တင်ဆောင်ရွက်ရန်။
- ကမ္ဘာ့နေရာအနှံ့အပြားတွင် လူ့အခွင့်အရေးကို အလေးထားစေရန်အတွက်ဆောင်ရွက်ပေးရန်။



## ကမ္ဘာ့ကုလသမဂ္ဂ၏ လူ့အခွင့်အရေးဆိုင်ရာဆောင်ရွက်ချက်များ

- ၁၉၄၈ခုနှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံမှ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေငြာစာတမ်းကို အတည်ပြုကြေငြာခဲ့သည်။
- အခြားလူ့အခွင့်အရေးနှင့် စပ်ဆိုင်သည့် ဘောတူစာချုပ်များမှာ -
  - နိုင်ငံတကာလူမျိုးရေးဖိနှိပ်ခွဲခြားဆက်ဆံမှုများ အလုံးစုံပပျောက်ရေး သဘောတူစာချုပ်၊
  - နိုင်ငံတကာနိုင်ငံသားနှင့် နိုင်ငံသားအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်၊
  - နိုင်ငံတကာစီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများ သဘောတူစာချုပ်၊
  - အမျိုးသမီးများအားနည်းမျိုးစုံဖြင့် ခွဲခြားထားမှုပပျောက်ရေး သဘောတူစာချုပ်။
- အထွေထွေညီလာခံအောက်ရှိ လူ့အခွင့်အရေးကောင်စီသည် အဖွဲ့ဝင်နိုင်ငံများ၏ကမ္ဘာတဝှမ်းအလှည့်ကျ လူ့အခွင့်အရေးအခြေအနေလေ့လာသုံးသပ်ခြင်းများကိုဆောင်ရွက်သည်။
- စီးပွားရေးနှင့် လူမှုရေးကောင်စီတွင် ကော်မရှင်အဖွဲ့နှင့် အဖွဲ့အစည်းများရှိကြသည်။

ဥပမာ-ဌာနေတိုင်းရင်းသားရေးရာများအကြောင်း ဆွေးနွေးသော အမြဲတမ်း ရုံးထိုင်ရာအရပ်။

## ကုလသမဂ္ဂ၏ အခြေခံဖွဲ့စည်းပုံ

### ကုလသမဂ္ဂ၏ ဌာနစိတ်များ

- ကုလသမဂ္ဂ ဖွံ့ဖြိုးရေးအစီအစဉ်။
- ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး။
- ကမ္ဘာ့ကုလသမဂ္ဂကလေးများရံပုံငွေအဖွဲ့။
- ကုလသမဂ္ဂပတ်ဝန်းကျင်ထိန်းသိမ်းရေး အစီအစဉ်။

### အထူးအဖွဲ့အစည်းများ

- ကမ္ဘာ့စားနပ်ရိကာနှင့် စိုက်ပျိုးရေးအဖွဲ့။
- ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုဆိုင်ရာ အဖွဲ့အစည်း။
- ကမ္ဘာ့ကျန်းမာရေးအဖွဲ့။
- ကမ္ဘာ့ ကုန်သည်ကြီးများအဖွဲ့။

### အထွေထွေအတွင်းရေးမှူး

**ဘန်ကီမွန်း**

လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်သည်။

### အထွေထွေညီလာခံ



အဖွဲ့ဝင် (၁၉၃) နိုင်ငံ (၁)နိုင်ငံ (၁)မဲ ထောက်ခံချက်ပေးသည်။

### လုံခြုံရေးကောင်စီ



ဗီတိုအာနာရှိသော အမြဲတမ်းအဖွဲ့ဝင်(၅)နိုင်ငံ

၂နှစ် တစ်ကြိမ်အလှည့်ကျရွေးချယ်သည့် မမြဲတမ်းအဖွဲ့ဝင်မဟုတ်သော ၁၀နိုင်ငံဆုံးဖြတ်ချက်ချမှတ်ခြင်းဖြစ်သည်။

- ငြိမ်းချမ်းရေးထိန်းသိမ်းရေး အင်အားစုများ
- စီးပွားရေးနှင့် လူမှုရေးကောင်စီ
- အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုတရားရုံး
- အပြည်ပြည်ဆိုင်ရာ တရားရုံး

ရေးသားသူ Dr. Chris Erni

# ဌာနေတိုင်းရင်းသားများနှင့် ကမ္ဘာ့ကုလသမဂ္ဂ

## ကမ္ဘာ့ကုလသမဂ္ဂပြင်ပတွင်ရှိသော ဌာနေတိုင်းရင်းသားများ

- ❑ ကုလသမဂ္ဂပဋိဉာဉ်စာတမ်းအပိုဒ်ခွဲ (၁) တွင် လူထု၏ကိုယ်ပိုင်ပြဋ္ဌာန်းပိုင်ခွင့်နှင့် တန်းတူညီမျှ အခွင့်အရေးများဆိုင်ရာမူဝါဒကို အသိအမှတ်ပြုထားပါသည်။ နိုင်ငံများကသာ အဖွဲ့ဝင်များဖြစ်ကြသည်။
- ❑ ဌာနေတိုင်းရင်းသားအများစုတွင် လူမျိုးအလိုက်သော်လည်းကောင်း၊ နိုင်ငံအလိုက်သာလည်းကောင်း ခိုင်မာသည့် ကိုယ်ပိုင်ဝိသေသလက္ခဏာများရှိကြသော်လည်း ၎င်းတို့သည် ကုလသမဂ္ဂအဖွဲ့ဝင်များမဟုတ်ကြပါ။







### ကုလသမဂ္ဂမှ အသိအမှတ်ပြုခံရရေးအတွက် ကြိုးပမ်းဆောင်ရွက်ခြင်း

- △ (၁၉၂၃) - တွင် ကနေဒါနိုင်ငံမှ အီရူကွိုမဟာမိတ်ကောင်စီအဖွဲ့၏ ခေါင်းဆောင်ဖြစ်သူ ဒဲ့ကာဟဲသည် မိမိလူမျိုးစုနှင့် ကနေဒါအစိုးရအကြား အငြင်းပွားမှုများကို ကူညီဖြေရှင်းပေးရန်အတွက် ဂျီနီဗာနိုင်ငံသို့ သွားရောက်ခဲ့သည်။

### အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့(အိုင်အဲလ်အို)သဘောတူညီမှုအမှတ် ၁၀၇နှင့် ၁၆၉ ရှိဖော်ပြချက်

- △ (၁၉၅၇) - နိုင်ငံတကာအလုပ်သမားရေးရာအဖွဲ့မှ ဌာနေတိုင်းရင်းသားနှင့် မျိုးနွယ်စုများအတွက် သဘောတူညီချက်အမှတ် ၁၀၇ ကို အတည်ပြုခဲ့သည်။ ၁၉၈၉ ခုနှစ်တွင် သဘောတူညီချက်အမှတ် ၁၆၉ ကို ပြင်ဆင်အတည်ပြုခဲ့သည်။

### ဌာနေတိုင်းရင်းသား လူထုဆိုင်ရာကုလသမဂ္ဂအလုပ်အမှုဆောင်အဖွဲ့နှင့် ကုလသမဂ္ဂဌာနေတိုင်းရင်းသားအခွင့်အရေးဆိုင်ရာ ကြေငြာစာတမ်း (ယူအဲန်ဒရစ်)

- △ (၁၉၇၁) - ခုနှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂမှ အီကွေဒေါနိုင်ငံရှိ မစ္စတာ ဂျိုစ့်မာတင်နီကိုဆိုအား ဌာနေတိုင်းရင်းသားလူထုတို့ ရင်ဆိုင်ကြုံတွေ့နေရသည့် ဖိနှိပ်ချုပ်ခြယ်မှုများအကြောင်းလေ့လာရန်အတွက် အထူးကိုယ်စားလှယ်ခန့်အပ်ပြီး တာဝန်ပေးခဲ့သည်။ သူ၏အစီရင်ခံစာကို ၁၉၈၆ ခုနှစ်တွင် အပြီးသတ်ထုတ်ပြန်ခဲ့ပါသည်။
- △ (၁၉၈၂) - ခုနှစ်တွင် ဌာနေတိုင်းရင်းသားလူထုဆိုင်ရာ ကုလသမဂ္ဂအလုပ်အမှုဆောင်အဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ ဤအဖွဲ့မှနေ၍ ဌာနေတိုင်းရင်းများနှင့်အတူ ၂၀၀၆ခုနှစ်အတူ လက်တွဲလုပ်ဆောင်၍ ဌာနေတိုင်းရင်းသားအခွင့်အရေးကြေငြာစာတမ်းမူကြမ်းကို တင်ပြဆွေးနွေးခဲ့သည်။
- △ ၂၀၀၇ ခုနှစ်တွင် ကုလသမဂ္ဂ ဌာနေတိုင်းရင်းသားများအခွင့်အရေးဆိုင်ရာကြေငြာစာတမ်း (ယူအဲန်ဒရစ်)ကို အတည်ပြုခဲ့သည်။

### ဌာနေတိုင်းရင်းသားရေးရာ အမြဲတမ်းရုံးထိုင်ရာအရပ်နှင့် အထူးကိုယ်စားလှယ်

- △ (၂၀၀၀) - ခုနှစ်တွင် ကုလသမဂ္ဂစီးပွားရေးနှင့် လူမှုရေးကောင်စီမှ ဌာနေတိုင်းရင်းသားရေးရာအမြဲတမ်းရုံးဆိုင်ရာအရပ်ကို တည်ထောင်ခဲ့သည်။ ၎င်းသည် နှစ်စဉ်နှစ်တိုင်း အမေရိကန်နိုင်ငံ၊ နယူးရောက်မြို့တွင်တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ခဲ့ပါသည်။
- △ (၂၀၀၁) - ခုနှစ်တွင် လူ့အခွင့်အရေးဆိုင်ရာကော်မရှင်မှ ဌာနေတိုင်းရင်းသားများ၏ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များအတွက် အထူးကိုယ်စားလှယ်ကို ပထမဆုံးအကြိမ်ခန့်အပ်ခဲ့သည်။

### ဌာနေတိုင်းရင်းသားအခွင့်အရေးဆိုင်ရာ ကျွမ်းကျင်သူများအဖွဲ့

- △ (၂၀၀၇) - ခုနှစ်တွင် လူ့အခွင့်အရေးဆိုင်ရာကောင်စီမှ ဌာနေတိုင်းရင်းသားအခွင့်အရေးဆိုင်ရာကျွမ်းကျင်သူများအဖွဲ့ (အဲမရစ်) ကိုတည်ထောင်ဖွဲ့စည်းခဲ့ပါသည်။



# မြန်မာနိုင်ငံအခြေအနေမှ REDD+ လုပ်ငန်းစဉ်

ဒေါက်တာသောင်းနိုင်ဦး၊ ညွှန်ကြားရေးမှူး သစ်တောသုတေသနဌာန
REDD+ ဆိုင်ရာနိုင်ငံအဆင့်တာဝန်ခံ



မြန်မာနိုင်ငံ၏သစ်တောများသည် ရေရှည်တည်တံ့သော သစ်တောစီမံအုပ်ချုပ်ခြင်း၊ သစ်တောပြုန်းတီးမှုလျှော့ချခြင်းနှင့် အဆင့်အတန်း နိမ့်ကျနေသောတောများအား ပြန်လည်ထူထောင်ခြင်း စသည့်နည်းလမ်းများဖြင့် ရာသီဥတုပြောင်းလဲမှု လျော့ပါးစေရေးဆောင်ရွက်ရာတွင် သိသာထင်ရှားသောအခန်း ကဏ္ဍမှပါဝင်နေပြီး REDD+ လုပ်ငန်းစဉ်မှလည်း အကျိုးကျေးဇူးများရရှိနိုင်ပါသည်။

## မြန်မာနိုင်ငံ၏ INDC – မြန်မာနိုင်ငံမှ ကဏ္ဍာမြင် ကွင်းတွင် ဖော်ပြသော REDD+ လုပ်ငန်းစဉ်၏ အခန်းကဏ္ဍ။

မြန်မာနိုင်ငံသည် ၂၀၁၅ခုနှစ်၊ စက်တင်ဘာလတွင် ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဘောင်ကွန်ဗင်းရှင်း **(UNFCCC)** သို့ နိုင်ငံအလိုက်ထည့်ဝင်ဆောင်ရွက်ရန် ရည်မှန်းထားသောလုပ်ငန်းများ **(INDC)** ကိုတင်ပြခဲ့သည်။ ၂၀၁၅ခုနှစ်၊ ဒီဇင်ဘာလတွင် ပြုလုပ်သည့် **COP-21** အစည်းအဝေးတွင် ရရှိခဲ့သော ပါရီသဘောတူညီချက်အရ **INDC** တွင်ဖော်ပြထားသော ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေးလုပ်ငန်းများသည် ပါရီသဘောတူညီချက်ကို အတည်ပြုပြီးပါက တရားဝင် ရည်မှန်းချက်များအဖြစ် သတ်မှတ်မည်ဖြစ်ကြောင်းနှင့် နိုင်ငံများသည် **INDC** အရ လုပ်ငန်းတိုးတက်မှုများကို (၅)နှစ်တစ်ကြိမ် အစီရင်ခံရန် တာဝန်ရှိကြောင်း ဆုံးဖြတ်ထားသည်။

**မြန်မာနိုင်ငံ၏ INDC တွင် ထုတ်လွှတ်မှုများကိုလျှော့ချနိုင်မည့် အဓိကနယ်ပယ် (၂)ခုအဖြစ် သစ်တောကဏ္ဍနှင့် စွမ်းအင်ကဏ္ဍတို့ကို သတ်မှတ်ဖော်ပြထားသည်။ ထို့ကြောင့် မြန်မာနိုင်ငံ၏ သစ်တောကဏ္ဍမှ အသားတင်ထုတ်လွှတ်မှုများကို လျှော့ချမည့်လုပ်ငန်းများသည် ကမ္ဘာ့အလယ်တွင် မြင့်မားသောပုံရိပ်တစ်ခု ဖြစ်လာပါမည်။ သို့ရာတွင် မြန်မာနိုင်ငံ၏ INDC တွင် သစ်တောနှင့် မြေအသုံးချမှုကဏ္ဍအတွက် ထုတ်လွှတ်မှုလျှော့ချရေး ရည်မှန်းချက်များကို ပမာဏအတိအကျဖြင့် သတ်မှတ်ထားခြင်းမရှိသည့်အတွက် စိန်ခေါ်မှုတစ်ခုဖြစ်နေပါသည်။ ထို့ကြောင့် INDC၏ နောက်ဆက်တွဲလုပ်ငန်းစဉ်တွင် အရေးကြီးသော လုပ်ငန်းတစ်ရပ်မှာ အချိန်ကာလတစ်ခုအတွင်းဆောင်ရွက်မည့် ထုတ်လွှတ်မှုလျှော့ချရေးရည်မှန်းချက်များကို ကာဗွန်ဒိုင်အောက်ဆိုဒ် တန်ပမာဏဖြင့် သတ်မှတ်ဖော်ပြခြင်းဖြစ်သည်။ မြန်မာနိုင်ငံ REDD+ အစီအစဉ်သည် လက်ရှိအချက်အလက်များကို အခြေခံလျက် ကျိုးကြောင်းဆီလျော်သော ထုတ်လွှတ်မှုလျှော့ချရေး လျာထားချက်များသတ်မှတ်ရာတွင် ကူညီပေးနိုင်ပါသည်။**

## နယ်ပယ်။ ဦးစားပေးရမည့် မောင်းနှင်အားများ – မြန်မာနိုင်ငံမှ ကာဗွန်ထုတ်လွှတ်မှုလျှော့ချနိုင်မည့် ကနဦးရွေးချယ်စရာ နည်းလမ်းများ။

မြန်မာနိုင်ငံသည် မကြာမီကာလအတွင်း **REDD+** နှင့်ပတ်သက်သည့် အရေးကြီးသောဆုံးဖြတ်ချက်အချို့ကို ချမှတ်ရမည်ဖြစ်သည်။ ထိုဆုံးဖြတ်ချက်များတွင် သစ်တောပြုန်းတီးမှု **(de - forestation)** သာမက အခြားလုပ်ငန်းစဉ်များအား ဖော်ထုတ်ဆောင်ရွက်ရမည်၊ အဆောင်ရွက်ရမည်ဆိုခြင်းလဲပါဝင်သည်။ လက်ရှိအချက်အလက်များအရ၊ သစ်တောအတန်းအစားကျဆင်းခြင်းသည် အသားတင်သစ်တောပြုန်းတီးမှုထက်ပင် ပိုမိုအရေးပါနေကြောင်း ဖော်ပြနေပါသည်။ သို့ရာတွင် **REDD+** လုပ်ငန်းများအတွက် နယ်ပယ်သတ်မှတ်သည့် ဆုံးဖြတ်ချက်များချမှတ်ရာတွင် ရွေးချယ်ထားသောလုပ်ငန်းများ၏ သိုလှောင်ကာဗွန်မမာဏ အပြောင်းအလဲများကိုတိုင်းတာနိုင်မည့် နိုင်ငံ၏စွမ်းဆောင်ရည်ရှိမှုကိုလည်း ထည့်သွင်းစဉ်းစားရန် မရှိမဖြစ်လိုအပ်ပါသည်။ သစ်တောပြုန်းတီးမှုကိုတိုင်းတာခြင်းမှာ အတော်အသင့်လွယ်ကူသော်လည်း၊ သစ်တောအတန်းအစားကျဆင်းမှုအား တိုင်းတာခြင်းမှာမူ နည်းပညာပိုင်းအရ စိန်ခေါ်မှုပိုမိုရှိနေပါသည်။ ထို့ကြောင့် **REDD+** လုပ်ငန်းစဉ်၏ နယ်ပယ်များ၊ စောင့်ကြည့်စစ်ဆေးခြင်းအတွက် စွမ်းဆောင်ရည်များနှင့် အခြေပြုအချက် (ရည်ညွှန်းအဆင့်များ)ဆိုင်ရာ အဓိပ္ပါယ်ဖွင့်ဆိုချက်များအကြား ရှေ့နောက်ညီညွတ်မှုရှိသည့် အဆင့်လိုက်ချဉ်းကပ်နည်းကို အသုံးချရန် အကြံပြုလိုပါသည်။ နည်းပညာနှင့် နည်းစနစ်ပိုင်းဆိုင်ရာ စွမ်းဆောင်ရည်များ အချိန်နှင့် အမျှတိုးတက်လာပါက **REDD+** လုပ်ငန်းနယ်ပယ်အား ထပ်မံတိုးချဲ့နိုင်ပါသည်။

မြန်မာနိုင်ငံသည် သစ်တောပြုန်းတီးမှုကို လျှော့ချရန်အတွက် ကုန်ကျစရိတ်အနည်းဆုံးနှင့် အထိရောက်ဆုံးသောနည်းလမ်းများကို သတ်မှတ်ဖော်ထုတ်ရန်လိုအပ်ပါသည်။ ဆိုလိုသည်မှာ သစ်တောများအပေါ် ကြီးမားသောသက်ရောက်မှုရှိနေသည့်

သစ်တောပြုန်းတီးမှုအားဖြစ်ပေါ်စေသည့် အဓိကမောင်းနှင်အားများအား သတ်မှတ်ဖော်ထုတ်ပြီးနောက်၊ ယင်းမောင်းနှင်အားများအား လျှော့ချမည့်မူဝါဒများနှင့် ဥပဒေများသည် နည်းပညာပိုင်းအရ ဖြစ်နိုင်ခြေရှိပြီး၊ စီးပွားရေးနှင့် နိုင်ငံရေးအရ လက်ခံနိုင်ဖွယ်ရှိရပါမည်။ သစ်ထုတ်ခြင်း (တရားဝင်နှင့် တရားမဝင်နှစ်မျိုးလုံး) နှင့် စိုက်ပျိုးမြေချဲ့ထွင်ခြင်း (အကြီးစားနှင့် အသေးစားနှစ်မျိုးလုံး) တို့သည် သက်ရောက်မှုအနေဖြင့် ကြည့်ပါက သိသာထင်ရှားကြပါသည်။ ထိုမောင်းနှင်အားများအား ဖော်ထုတ်ဖြေရှင်းနိုင်မည့် မူဝါဒနှင့် ဥပဒေအမျိုးအစားများတွင် အောက်ပါတို့လည်း ပါဝင်နိုင်ပါသည်။

- **တရားဝင်သစ်ထုတ်ခြင်း – ကာဗွန်သိုလှောင်မှုပမာဏအား ထည့်သွင်းစဉ်းစားထားသော ရေရှည်တည်တံ့ကြောင်း အသိအမှတ်ပြုလက်မှတ်ရ သစ်ထုတ်ခြင်းဆိုင်ရာစွမ်းဆောင်ရည် တည်ဆောက်ခြင်း၊ ရေရှည်တည်တံ့သော သစ်တောစိုက်ခင်းများကို ပိုမိုအလေးပေးခြင်း။**
- **တရားမဝင်သစ်ထုတ်ခြင်း – ဥပဒေလိုက်နာမှုအား ပိုမိုအားကောင်းစေခြင်း (FLEGTနှင့် ချိတ်ဆက်မှုတွင်ကြည့်ပါ)။**
- **အကြီးစားစိုက်ပျိုးရေးလုပ်ငန်းများ – အများပြည်သူ၏ အကျိုးစီးပွားအား အကောင်းဆုံးမဆောင်ကြဉ်းပေးနိုင်သော လစ်းလွဲနေသည့် မြေကွက်လပ်များကို သတ်မှတ်ဖော်ထုတ်ခြင်းနှင့် ဖြေရှင်းပေးခြင်း၊ အပင်မရှိသောမြေများကို ပိုမိုကောင်းမွန်စွာအသုံးပြုနိုင်ရေးအတွက် မြေကွက်လုံးများပေးခြင်း။**
- **အသေးစားစိုက်ပျိုးရေးလုပ်ငန်းများ – စိုက်ပျိုးမြေကို မတိုးချဲ့ဘဲ ဝင်ငွေတိုးတက်စေရန် တန်ဖိုးမြှင့်ပေးခြင်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အမျိုးစုံလင်စေခြင်း။**

## REDD+ နှင့် သစ်တောဥပဒေအကျိုးသက်ရောက်မှု သက်ရောက်မှု၊ စီမံအုပ်ချုပ်မှုနှင့် ကုန်သွယ်မှု (FLEGT) အစီအစဉ်တို့ကြား ချိတ်ဆက်မှုများ


**FLEGT** ဆိုသည်မှာ ဥရောပနိုင်ငံများက တရားမဝင်သစ်ထုတ်လုပ်ခြင်းနှင့် တရားမဝင်သစ်ကုန်သွယ်ခြင်း၏ ဆိုးကျိုးသက်ရောက်မှုများအပေါ် စိုးရိမ်ပူပန်မှုများကို တုန့်ပြန်ရန် ဥရောပသမဂ္ဂ **(EU)** ကဖော်ထုတ်ထားသည့် အစပျိုးလုပ်ငန်းတစ်ခုဖြစ်သည်။ **FLEGT** အစီအစဉ်သည် သစ်တောအတန်းအစားကျဆင်းခြင်းနှင့် ဆုံးရှုံးခြင်းတို့အားဖြစ်စေသည့် မောင်းနှင်အားတချို့ကို တိုက်ရိုက်ဖော်ထုတ်ဖြေရှင်းခြင်းအားဖြင့် သစ်ထုတ်လုပ်သောနိုင်ငံများတွင် **REDD+** လုပ်ငန်းစဉ်ကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရန် ကူညီပေးနိုင်ပါသည်။ **FLEGT** သည် သစ်တောအုပ်ချုပ်မှုစနစ်များ၊ ဥပဒေလိုက်နာစေရေးလုပ်ငန်းများနှင့် ဘက်ပေါင်းစုံမှ ဆက်စပ်ပတ်သက်မှုများ ထိရောက်စွာပါဝင်စေရေးလုပ်ငန်းများကိုလည်း တိုးတက်စေပါသည်။

**FLEGT** အစီအစဉ်သည် ဥရောပသမဂ္ဂ၏ သစ်ကုန်သွယ်ရေးစီမံချက်များ **(EU Timber regulation)** နှင့် ကိုက်ညီမှုမရှိသည့် နိုင်ငံများနှင့် သစ်ကုန်သွယ်ရေးကို တဖြည်းဖြည်းချင်းဖယ်ရှားသွားရန် ဒီဇိုင်းရေးဆွဲထားသည်။ ထို့ကြောင့် **FLEGT** သည် ထိခိုက်မှုနည်းသော သစ်ထုတ်ခြင်း **(reduced impact logging)**၊ မျိုးစိတ်များ ထိန်းသိမ်းခြင်း၊ သစ်ထုတ်လမ်းဖောက်လုပ်မှုနှင့် ပြုပြင်ထိန်းသိမ်းရေးစနစ်များ တိုးတက်စေခြင်း စသည်တို့ကိုတိုးမြှင့်ပေးပါသည်။ အချို့သောဖြစ်ရပ်များတွင် **FLEGT** ဆိုင်ရာ စည်းကမ်းချက်များထားရှိသော်လည်း၊ အပြည့်အဝလိုက်နာခြင်းမရှိပါ။ အခြားသောဖြစ်ရပ်များတွင်မူ စည်းကမ်းချက်များပင် မထားရှိသည့်အတွက်၊ ယင်းတို့ကို ချမှတ်ထားရန် လိုအပ်နေပါသည်။ ထို့အပြင် **FLEGT** သည် သစ်ထုတ်ခြင်းအတွက် ဥပဒေအကြောင်းအခြေခံကို ရှင်းလင်းပြတ်သားစေရာ၊ တရားမဝင်ထုတ်ယူလာသော သစ်ထွက်ပစ္စည်းများအား ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများသို့ တင်သွင်းခြင်းကိုတားမြစ်ထားခြင်းအားဖြင့် တရားမဝင်သစ်ထုတ်ရန် ပိုမိုခက်ခဲလာစေပါသည်။

အုပ်ချုပ်ရေး **(governance)**နှင့် ပတ်သက်ပါက၊ **EU**နှင့် သစ်ထုတ်သည့်နိုင်ငံအကြား အလွတ်သဘောမိတ်ဖက်သဘောတူညီချက် **(VPA)** ရရှိစေရန် ထောက်ခံပေးထားသည့် သစ်တရားဝင်မှုစနစ် **(TLAS)** ကို ဖော်ထုတ်ထားခြင်းကြောင့် ဥပဒေအကြောင်းအရ သတ်မှတ်ချက်များကို ပိုမိုလိုက်နာစေရန်နှင့် ပွင့်လင်းမြင်သာမှု ပိုရှိလာစေရန် ကူညီပေးပါသည်။ ထို့ကြောင့် **REDD+** လုပ်ငန်းစဉ်နှင့် **FLEGT** အစီအစဉ်တို့အကြားတွင် ခိုင်မာသော ချိတ်ဆင်မှုရှိနေပါသည်။




ကာတွန်း - အောင်ပီကျယ်



ကာတွန်း - အောင်ပီကျယ်


# မြန်မာနိုင်ငံတွင် ဆောင်ရွက်နေသော REDD+ လုပ်ငန်းများ

| အဖွဲ့အစည်းအမည် | စီမံကိန်းအမည် | မှတ်ချက် |
|---|---|---|
| Korea Forest Service (KFS) | Mitigation of Climate Change impacts through restoration of Degraded Forests and REDD+ Activities in Bago Yoma Region, Myanmar | 2011-2013 |
| International Tropical Timber Organization (ITTO) | Capacity building for developing REDD+ activities in context of sustainable forest management | 2012-2016 |
| Center for People and Forests (RECOFTS) | Grassroots Capacity Building in Myanmar: Implementation Approach | 2013-2018 |
| United nation Development Programme (UNDP) | Improve of the quality of life ethnic minorities in the Naga area in Myanmar through youth participation in REDD+ | 2013-2015 |
| Asia Air Survey Co.,Ltd (AAS) | Study on deforestation and forest degradation monitoring for REDD+ (Technical Cooperation) | 2014-2016 |
| UN-REDD Programme (FAO, UNDP & UNEP) | Targeted Support for the implementation of REDD+ Roadmap | 2015-2018 |
| Korea Forest Service(KFS) | Climate Change Mitigating and Capacity Building for REDD+ Activities | 2016-2020 |
| International Center for integrated Mountain Development (ICIMOD) | REDD+ Himalayas: Developing and using experience in implementation REDD+ in the Himalayas (Under processing of MoU signing) | 2015-2018 |
| Forestry and Forest Products Research Institute (FFPRI) | Nesting a REDD+ project accounting and monitoring system under the (sub-) national system | MoU ပြင်ဆင်ဆဲ |

မြန်မာ့ REDD+ သတင်းလွှာ (အမှတ် ၂၊ ဧပြီလ ၂၀၁၆) မှ ကောက်နုတ်တင်ပြသည်။

## Cartoons



ကာတွန်း - အောင်ပီကျယ်




ကာတွန်း - အောင်ပီကျယ်

လူ့အခွင့်အရေးတွေနဲ့ ကမ္ဘာလုံးဆိုင်ရာတိုးတက်ဖွံ့ဖြိုးမှုအကြောင်းတွေကို ကျွန်ုပ်တို့အကျယ်တဝံ့ပြောကြတော့မယ်ဆိုရင် ဌာနေတိုင်းရင်းသားတွေကို ဗဟိုပြုပြီးပြောရမှာဖြစ်တယ်။

**ဘန်ကီမွန်း**

ကမ္ဘာ့ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်
ကမ္ဘာလုံးဆိုင်ရာဌာနေတိုင်းရင်းသားများညီလာခံ
(စက်တင်ဘာ ၂၀၁၄)







အိန္ဒိယတွင် လုံခြုံစိတ်ချမှုရှိသော ဒေသခံတို့၏ မြေယာအခွင့်အရေးသည် **အကြမ်းဖက်မှုလျော့နည်းသွားခြင်း**အပြင် **အိမ်တွင်းအကြမ်းဖက်မှု (၈)ဆအထိ လျော့ကျသွားခြင်း**တို့နှင့် ဆက်စပ်မှုရှိသည်။




ဒေသခံပြည်သူများနှင့် ဌာနေတိုင်းရင်းသားများစီမံအုပ်ချုပ်ထားသောသစ်တောများသည် ကာဗွန် ၃၇.၇ ဘီလီယံတန်ကို ထိန်းသိမ်းထားသည်။

ယင်းသည် ၂၀၁၃ခုနှစ်တွင် တစ်ကမ္ဘာလုံးမှ စက်မှုလုပ်ငန်းများနှင့် ရုပ်ကြွင်းလောင်စာ လောင်ကျွမ်းခြင်းကြောင့် ထွက်လာသော ကာဗွန်ဒိုင်အောက်ဆိုဒ်ထက်ပိုသော ပမာဏဖြစ်သည်။

## ယနေ့အတွက် စဉ်းစားစရာ

စီးပွားရေးမှာ အဓိကကွာဟနေတာကတော့ ကျုပ်တို့မှာရှိနေပြီးသားရယ် ကျုပ်တို့ဆီမှာနောက်ထပ်ရှိလာဖို့ စဉ်းစားနေတာရယ် ဒါပါပဲ။ တည့်တည့်ပြောရရင်တော့ ကျင့်ဝတ်ဆိုင်ရာ ပြသနာဘဲပေါ့။

**ပေါလ်ပောနီ (ပရော်ဖက်ဆာ)**
**ကျင့်ဝတ်ရှိသောစီးပွားရေး ဝါရှင်တန်တက္ကသိုလ်**



# ဌာနေတိုင်းရင်းသားများနှင့် မြေယာအကြားဆက်နွယ်မှု

**ကုလသမဂ္ဂအထူးကိုယ်စားလှယ် မစ္စတာ အီရီကာအိုင်ရင်းအေဒေ့စ်က ၂၀၀၁တွင် ပြောဆိုခဲ့သည်မှာ–**

၁။ ဌာနေတိုင်းရင်းသားများနှင့် ၎င်းတို့၏မြေယာ၊ ပိုင်နက်နယ်မြေများနှင့် သဘာဝအရင်းအမြစ်များအကြားတွင် ကြီးမားသည့် ဆက်နွယ်မှုရှိကြသည်။
၂။ ၎င်းတို့၏ဆက်နွယ်မှုတွင် လူမှုရေး၊ယဉ်ကျေးမှု၊ ဝိညာဉ်ရေးရာ၊ စီးပွားရေးနှင့် နိုင်ငံရေးစသည့်ရှုထောင့်အမျိုးမျိုးနှင့် တာဝန်အသီးသီးရှိကြသည်။
၃။ ၎င်းတို့အထဲတွင် အစုအဖွဲ့အနေဖြင့် ရှိနေသည့်ဆက်နွယ်မှုမှာ အထူးသိသာထင်ရှားသည်။
၄။ မျိုးရိုးစဉ်ဆက် လက်ခံကျင့်သုံးကြသည့် ဤဆက်နွယ်မှုသည် ဌာနေတိုင်းရင်းသား များ၏ ထင်ရှားသောလက္ခဏာ၊ အသက်ရှင်ရပ်တည်မှုနှင့် ယဉ်ကျေးမှုဆိုင်ရာတို့ အတွက် အရေးပါလှပါသည်။







- အစုအဖွဲ့ပိုင်ဘုံအခွင့်အရေးများသည် အရေးကြီးသည်။
- နိုင်ငံအစိုးရများသည် အစုအဖွဲ့ပိုင်ဘုံအခွင့်အရေးများကို အသိအမှတ်ပြုလေ့သိပ်မရှိပါ။
- မြေယာများကို ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်းသည် မကြာခဏဆိုသလို မြေယာအခွင့်အလမ်းများနှင့်မြေယာမဲ့များအပေါ်မမျှတမှုများဖြစ်ပေါ်စေပါသည်။

**အပိုဒ် (၂၁)တွင် ဖော်ပြထားသည်မှာ–**

ဌာနေတိုင်းရင်းသားများသည် ၎င်းတို့၏မြေယာ၊ ပိုင်နက်နယ်မြေများနှင့် သဘာဝအရင်းအမြစ်များနှင့် ကြီးမားသောဆက်သွယ်မှုရှိခြင်းအပေါ် အသိအမှတ်ပြုမခံရသကဲ့သို့ အခြားခြေခံလူ့အခွင့်အရေးများ မရရှိခြင်းကြောင့် ဌာနေတိုင်းရင်းသားအသိုက်အမြုံများ တဖြည်းဖြည်းနှင့် ယိုယွင်းပျက်စီးလာသည်ကို တွေ့မြင်ခဲ့ရပါသည်။

## UNDRIP ထဲရှိ အရေးကြီးသည့် ထောက်ခံအားပေးချက်များ





**ပုဒ်မ (၂၅)**

ဌာနေတိုင်းရင်းသားလူမျိုးများသည် မိမိတို့မိရိုးဖလာယဉ်ကျေးမှုအရပိုင်ဆိုင်သည့် (သို့)လုပ်ကိုင်စားသောက်နေသည့် (သို့) အသုံးပြုသည့်မြေယာ၊ ပိုင်နက်နယ်မြေများ၊ ရေပြင်များနှင့် ကမ်းရိုးတန်းဒေသများအပါအဝင် အခြားသယံဇာတအရင်းအမြစ်များနှင့် ထင်ရှားသည့်ရိုးရာကိုးကွယ်မှုများ ဆက်နွယ်မှုရှိကြပြီး ၎င်းတို့ကိုထိန်းသိမ်းစောင့်ရှောက်၍ အနာဂတ်မျိုးဆက်သစ်များကို လက်ဆင့်ကမ်းလွှဲပြောင်းပေးပိုင်ခွင့်ရှိသည်။

**ပုဒ်မ (၂၆)**

(၁) ဌာနေတိုင်းရင်းသားများသည် မိရိုးဖလာယဉ်ကျေးမှုအရ ပိုင်ဆိုင်သည့် (သို့) လုပ်ကိုင် စားသောက်နေသည့် (သို့) အသုံးပြုသည့် မြေယာပိုင်နက်နယ်မြေများနှင့် သယံဇာတ အရင်းအမြစ်များကို ပိုင်ဆိုင်ခွင့်ရှိသည်။

(၂) ဌာနေတိုင်းရင်းသားလူမျိုးများအနေဖြင့် မိမိတို့၏ရိုးရာယဉ်ကျေးမှုအရ ပိုင်ဆိုင်လာသည့် (သို့) ရိုးရာအရ လုပ်ကိုင်စားသောက်နေသည့် မြေယာ၊ ပိုင်နက်နယ်မြေများနှင့် သယံဇာတအရင်းအမြစ်များကို ပိုင်ဆိုင်ခွင့်၊ သုံးစွဲခွင့်၊ ဖွံ့ဖြိုးတိုးတက်ခွင့်နှင့် ထိန်းသိမ်း စောင့်ရှောက်ပိုင်ခွင့် ရှိသည်။

(၃) နိုင်ငံအစိုးရများမှနေ၍ ၎င်းမြေယာများ၊ ပိုင်နက်နယ်မြေများနှင့် သယံဇာတအရင်း အမြစ်များကို ဌာနေတိုင်းရင်းသားတို့၏ ထုံးတမ်းစဉ်လာ၊ ရိုးရာယဉ်ကျေးမှုများနှင့် မြေယာပိုင်ဆိုင်မှုစနစ်များကို လေးစားလိုက်နာပြီး တရားဥပဒေအရ လက်ခံအသိအမှတ်ပြု ကာကွယ်ပေးရမည်။

ရေးသားသူ **Dr. Chris Erni**

# ပို့င့် (ရိုးရာဝန်းကျင်မြှင့်တင်ရေးအဖွဲ့)၏ လှုပ်ရှားမှုများ

## Global Call To Action



မတ်လ ၅ ရက်နေ့၊ ကမ္ဘာလုံးဆိုင်ရာမြေယာအခွင့်အရေးတွင် ပါဝင်ရန် စည်းရုံးလှုံ့ဆော်ခြင်းအခန်းအနားသို့ တက်ရောက်သူများနှင့် အမှတ်တရ ဓာတ်ပုံရိုက်ကူးစဉ်။




အာရှဌာနေတိုင်းရင်းသားများကွန်ယက်၏ အထွေထွေအတွင်းရေးမှူးချုပ် ဂျိုအန်မှ မြေယာအခွင့်အရေးနှင့် ပတ်သက်၍ စည်းရုံးလှုံ့ဆော်ခြင်း

## International Financial Institution Training



မတ်လ ၇ရက်နေ့တွင် ကျင်းပပြုလုပ်သော အပြည်ပြည်ဆိုင်ရာဘဏ္ဍာရေးအဖွဲ့အစည်းများအကြောင်းဆိုင်ရာ အသိပညာပေးသင်တန်း။



မတ်လ ၇ရက်နေ့တွင် ကျင်းပပြုလုပ်သော အပြည်ပြည်ဆိုင်ရာဘဏ္ဍာရေးအဖွဲ့အစည်းများအကြောင်းဆိုင်ရာ အသိပညာပေးသင်တန်းတွင် အမျိုးသမီးများမှ အဖွဲ့လိုက်ဆွေးနွေးနေစဉ်။

## Asia Regional Preparatory Meeting



မတ် လ ၁၀ရက် တွင် အာရှဌာနေတိုင်းရင်းသားများမှ ကုလသမဂ္ဂရှိ အမြဲတမ်းညီလာခံသို့တက်ရောက်ရန်အကြိုပြင်ဆင်သည့် အစည်းအဝေးကို မြန်မာနိုင်ငံ၊ ရန်ကုန်မြို့ရှိ ပန်ဒါဟိုတယ်တွင် ကျင်းပခဲ့သည်။



ပန်ဒါဟိုတယ်တွင် မြန်မာနိုင်ငံဌာနေတိုင်းရင်းသားအဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များက နိုင်ငံအလိုက်စည်းဝေးနေကြစဉ်။ (မတ် လ၊ ၁၀ရက်)

# Geographic Information System(GIS) training






**POINT**နှင့် **KMSS** ပူးပေါင်း၍ လှိုင်ကော်မြို့တွင် ကျင်းပသော (ဒေသခံပြည်သူ ပူးပေါင်းပါဝင်၍ မြေပုံရေးဆွဲနည်း သင်တန်း) **Participatory Land Use Mapping Training** တွင် သင်တန်းသူ သင်တန်းသားများအား **GPS** အသုံးပြုနည်းကို ရှင်းပြနေစဉ်။ (မတ်လ၊ ၅ရက်နေ့)

**" ဒေသခံပြည်သူပူးပေါင်းပါဝင်၍ မြေပုံရေးဆွဲနည်းသင်တန်း "** တွင် ပါဝင်ခဲ့ကြသူများနှင့် အတူတကွမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးစဉ်။ (မတ်လ၊ ၅ရက်နေ့)

# Rakhine Trip (POINT)





ဘိုကလေးကျောင်းကျေးရွာရှိ အစုအဖွဲ့ပိုင်သစ်တောတွင် ပွိုင့် အဖွဲ့ဝင်များဖြင့် အမှတ်တရ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးခြင်း

ကျိန္တလီမြို့တွင် ပြန်လည်စိုက်ပျိုးထားသောဒီသို့ ပွိုင့် အဖွဲ့ဝင်များမှ သွားရောက်လေ့လာ၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးခြင်း

# "COP 21 Experience Sharing"







ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင်ကျင်းပခဲ့သော ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ၂၁ ကြိမ်မြောက် အဖွဲ့ဝင်နိုင်ငံများ၏ ညီလာခံသို့တတ်ရောက်ခဲ့သူများ၏ အတွေ့ကြုံ မျှဝေခြင်း အလုပ်ရုံဆွေးနွေးပွဲသို့ တတ်ရောက်လာသူများနှင့် အမှတ်တရ ဓာတ်ပုံရိုက်ကူးစဉ်။ (ဖေဖော်ဝါရီလ၊ ၁၅ရက်)

၂၀၁၅ ဒီဇင်ဘာလ၊ ပြင်သစ်နိုင်ငံတွင် ကျင်းပခဲ့သော ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ၂၁ ကြိမ်မြောက် အဖွဲ့ဝင်နိုင်ငံများ၏ ညီလာခံသို့ တက်ရောက်ခဲ့သူများမှ အတွေ့ကြုံများ မျှဝေစဉ်။ (ဖေဖော်ဝါရီလ၊ ၁၅ရက်)

## Indigenous Peoples and Community Conserved Territories and Areas (ICCA)



သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်လွင်(သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန) သည် ဌာနေတိုင်းရင်းသားများနှင့် အတူတကွနှုတ်ဆက်စကားပြောစဉ်။ (ဇွန်လ၊ ၇ရက်)



ဌာနေတိုင်းရင်းသားများနှင့် ဒေသခံပြည်သူတို့ ထိန်းသိမ်းစောင့်ရှောက်ထားသော နယ်မြေများနှင့် ပိုင်နက်နယ်နိမိတ်များအတွက် ညှိနှိုင်းတိုင်ပင်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာသူများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခြင်း။ (ဇွန်လ၊ ၇ရက်)

## Land Strategic meeting



မြေယာဆိုင်ရာ မဟာဗျူဟာတွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်လာသူများမှ ၄င်းတို့၏ လုပ်ဆောင်နေသော အကြောင်းအရာများနှင့် စပ်လျဉ်း၍ တင်ပြနေစဉ်။ (ဇွန်လ၊ ၂၈ရက်)



မြေယာဆိုင်ရာမဟာဗျူဟာတွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်လာသူများမှ တစ်ဦးချင်းစီမိတ်ဆက်နေစဉ်။ (ဇွန်လ၊ ၂၈ရက်)

## Regional Land Forum




ဆရာ လင်းဟုန်း(ပွိုင့် - သုတေသနညှိနှိုင်းရေးမှူး ) မှ ထုံးတမ်းဆိုင်ရာ မြေယာပိုင်ဆိုင်မှုနှင့်ဆက်စပ်၍ ဆွေးနွေးတင်ပြနေစဉ်။ (ဟန္နိုင်း - ဗီယက်နမ်၊ ဇွန်လ ၂၁ရက်)




မဲခေါင်ဒေသမြေယာဆွေးနွေးပွဲမှ ဆွေးနွေးတက်ရောက်သူများနှင့် အတူတကွမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးစဉ်။ (ဟန္နိုင်း - ဗီယက်နမ်၊ ဇွန်လ ၂၁ရက်)

## ASFN Preparatory Meeting

ဇွန်လ ၃ရက်နေ့တွင် အာရှလူမှုသစ်တောကွန်ယက် အကြိုဆွေးနွေးပွဲသို့ လာရောက်ပါဝင်သူများနှင့် အမှတ်တရ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခြင်း။





နော်အိအိမင်း (ပွိုင့် - ဒါရိုက်တာ)မှ အာရှလူမှုသစ်တောကွန်ယက် အကြောင်းနှင့် ပတ်သက်စပ်လျဥ်း၍ တင်ပြရှင်းလင်းနေစဉ်။ (ဇွန်လ ၃ရက်)

## Communication For Change



ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် ပြုလုပ်ကျင်းပသော “လူထုအခြေပြု အဖွဲ့အစည်းများအတွက် မဟာဗျူဟာမြောက် လေ့ကျင့်ရေးအစီအစဉ်” သင်တန်းသို့ အာရှမဲခေါင်ဒေသမှလာရောက်ပါဝင်သူများနှင့် အမှတ်တရမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးခြင်း။ (မေလ၊ ၉ရက်)

## 64th session of the Committee on the Elimination of Discrimination against Women (CEDAW)

ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ရှိ ကုလသမဂ္ဂရုံးတွင် စီဒေါသုံးသပ်အစီရင်ခံစာတွင်ပါဝင်ရန် ရောက်ရှိနေသော မြန်မာနိုင်ငံမှ အရပ်ဖွဲ့လူမှုအဖွဲ့အစည်းကိုစားလှယ်များ။ (ဇူလိုင်လ၊ ၂၀၁၆)



## Climate Change and REDD+

ဇွန်လ ၁၁ရက်နေ့ တောင်ကြီးမြို့တွင် ပြုလုပ်သော ရာသီဥတုပြောင်းလဲမှုအကြောင်းနှင့် **REDD+** သင်တန်းသို့ လာရောက်ပါဝင်သူများနှင့် တစ်ဦးချင်း မိတ်ဆက်စဉ်။



## Dawei trip



ရေဖြူမြို့နယ် ကလုံးထာကျေးရွာရှိ ဒေသခံများကိုယ်တိုင် ဦးဆောင်သော သဘာဝခရီးသွားလုပ်ငန်းအကြောင်းကို လေ့လာအပြီး ကျောင်းထိုင်ဆရာတော်နှင့် အမှတ်တရ ဓါတ်ပုံရိုက်ကူးစဉ်။ (ဧပြီလ၊ ၂၀၁၆)




သတ္တုတွင်းများနှင့် ရိုးရာဓလေ့ထုံးတမ်းမြေယာအခွင့်ရေးအတွက်တွေ့ဆုံဆွေးနွေးပွဲတွင် ပို့င့်မှပါဝင်ခဲ့စဉ်။(ဇွန်လ၊ ၂၄ရက်)




ကချင်ပြည်နယ် မြစ်ကြီးနားတွင် **REDD** နှင့် ပတ်သတ်၍ သင်တန်းပို့ချခဲ့စဉ်။(ဇွန်လ၊ ၂၄ရက်)



ကမ္ဘောဘောဒီးယားနိုင်ငံ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းတွင် လူထုပူးပေါင်းပါဝင်မှုဆိုင်ရာ နိုင်ငံတော်အဆင့် လူထုဆွေးနွေးပွဲသို့ ပို့င့် မှ လေ့လာသူအနေဖြင့် တတ်ရောက်ခဲ့စဉ်။ (ဇူလိုင်လ၊ ၂၀ရက်)



ကမ္ဘောဒီးယားနိုင်ငံ ပတ်ဝန်းကျင်ဌာနတွင် မဲခေါင်ဒေသအဆင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လမ်းညွှန်တွင် ပြည်သူလူထုပူးပေါင်းပါဝင်မှုသေချာစေရန် ဆွေးနွေးကြစဉ်။ (ဇူလိုင်လ၊ ၁၉ရက်)



၁၀ ကြိမ်မြောက် အာဆီယံလူမှုသစ်တောကွန်ယက်အစီဝေးအတွက် (၅) ကြိမ်မြောက် အရပ်ဖက်လူ့အဖွဲ့စည်းများညီလာခံတွင် ပို့င့်အဖွဲ့နှင့် ဒေသခံကိုယ်စားလှယ်များ ပါဝင်ခဲ့စဉ်။ (ဇွန်လ၊ ၁၁ရက်)



ပို့င့်သည်အစုဖွဲ့ပိုင်သစ်တော နိုင်ငံတော်အဆင့် အလုပ်အမှုဆောင်အဖွဲ့တွင် အရပ်ဖက်လူ့အဖွဲ့စည်း တစ်ခုအနေဖြင့်ပါဝင်သည်။ အစုဖွဲ့ပိုင်သစ်တော ညွှန်ကြားချက် အသစ်ရေးဆွဲရာတွင် ပါဝင်ခဲ့စဉ်။ (ဇွန်လ၊ ၂၃ရက်)



ဖေဖော်ဝါရီလ(၂၃)ရက်နေ့တွင် ဖိလစ်ပိုင်နိုင်ငံ အာရှပစိဖိတ် သစ်တောညီလာခံတွင် မြန်နိုင်ငံပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောဦးစီးဌာနမှ ကိုယ်စားလှယ်များနှင့် အမှတ်တရ။



ဒသမ အကြိမ်မြောက် အာဆီယံလူမှုသစ်တောကွန်ယက် အစဉ်ဝေးတွင် သတ်ဆိုင်ရာနိုင်ငံများ၏ အစိုးရကိုယ်စားလှယ်များ၊ အရပ်ဖက်လူမှုအဖွဲ့စည်းများ၏ ကိုယ်စားလှယ်များနှင့် အမှတ်တရဓာတ်ပုံရိုက်ကူးစဉ်။ (ဇွန်လ၊ ၁၁ရက်)

# ပွိုင့် (ရိုးရာဝန်းကျင်မြင့်တင်ရေးအဖွဲ့ )မှ ပုံနှိပ်ထုတ်ဝေမှုများ

## ရုပ်ပြမီဒီယာ ဒီဗီဒီအခွေများ






ဌာနေတိုင်းရင်းသားများ၏ စကားသံများ





ရာသီဥတုပြောင်းလဲခြင်းအကြောင်းတစေ့တစောင်း

## ဘာသာစကား (၃)မျိုးဖြင့် ကာတွန်းရုပ်ပြစာအုပ်




ပွိုင့်အဖွဲ့၏ နောက်ဆုံးထုတ်ဝေထားသော ကျွန်ုပ်တို့ရဲ့ဘဝလမ်းများ၊ ရှင်သန်ရပ်တည်မှုများကို ကရင်ဘာသာ၊ ကချင်ဘာသာနှင့် မြန်မာဘာသာ စသည်ဖြင့် ထုတ်ဝေထားပါသည်။

## ဘာသာစကား (၃)မျိုးဖြင့် ကာတွန်းရုပ်ပြစာအုပ်




ကာကွယ်စောင့်မှုဆိုင်ရာ
သတင်းအချက်အလက်များစနစ်




ကာဗွန်နှင့် မသက်ဆိုင်သည့်
အကျိုးကျေးဇူးများ




သစ်တောလုပ်ပိုင်ခွင့်နှင့်
ပိုင်ဆိုင်ခွင့် အခွင့်အရေးများ


## POINT မှထုတ်ဝေခဲ့သော ပိုစတာများ



လယ်ယာ၊ နယ်မြေနှင့် သဘာဝသယံဇာတ ပိုင်ဆိုင်ခွင့်များ




UNDRIP ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူညီချက်တွင် နားလည်လက်ခံထားသော ဒေသခံတိုင်းရင်းသားများ၏ အသိပညာဗဟုသုတများ



လွတ်လပ်သော ကြိုတင်အသိပေး တိုင်ပင်မှု နှင့် လူထုသဘောထား ရယူမှု

## တိုင်းရင်းများ၏အခွင့်အအရေးနှင့် စပ်ဆိုင်သောစာအုပ်များ




ဌာနေတိုင်းရင်းသားများနှင့် ကမ္ဘာ့ကုလသမဂ္ဂ ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာသဘောတူစာချုပ်




ကာဗွန်အကြောင်း လေ့လာသိရှိခြင်း





အခြေခံမြေတိုင်းတာခြင်းနှင့်
**GPS** အသုံးပြုခြင်း





သင့်အခွင့်အရေး အတွက်
သင်ယူရင်းလေ့ကျင့်ပါ




စေ့စပ်ညှိနှိုင်းခြင်းဆိုင်ရာ ကျွမ်းကျင်မှု
သင်တန်းလက်စွဲ





ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ
အခွင့်အရေး




ဒေသခံတိုင်းရင်းသူများ၏ အခွင့်အရေး (CEDAW)




အာဆီယံအစိုးရများ လူ့အခွင့်အရေးဆိုင်ရာ ကော်မရှင်နှင့် ဒေသခံတိုင်းရင်းသားများ




လက်တွေ့ အခွင့်အရေးများ ( ကာတွန်း ရုပ်ပြစာအုပ် )



ရေရှည်တည်တံ့သော မြန်မာ့သစ်တောစီမံမှုတွင် ဒေသခံတိုင်းရင်းသား အမျိုးသမီးများ၏ အခန်းကဏ္ဍနှင့် ပံ့ပိုးမှုများ




လွတ်လပ်သော၊ ကြိုတင်အသိပေးတိုင်ပင်မှု နှင့် လူထုသဘောထား ရယူခြင်း လက်ကမ်းစာစောင်

ရေရှည်တည်တံ့သည့်စီမံခန့်ခွဲမှုတွင် ဌာနေ တိုင်းရင်းသူအမျိုးသမီးများ၏ အခန်းကဏ္ဍနှင့် ပံ့ပိုးမှုများ



Promotion Of Indigenous and Nature Together
ပွိုင့် - ရိုးရာဝန်းကျင်မြှင့်တင်ရေးအဖွဲ့

FOR PEOPLE
FOR NATURE

ပွိုင့် (ရိုးရာဝန်းကျင်မြှင့်တင်ရေးအဖွဲ့)၊
အမှတ် (၆၈၇)၊ ကြို့ကုန်း ဈလမ်း (တောင်)၊
အရှေ့ကြို့ကုန်း၊ အင်းစိန် - ရန်ကုန်။
ရုံးဖုန်း / ၀၉-၂၅၇ ၂၇၉ ၇၉၇။
အင်တာနက်လိပ်စာ / www.pointmyanmar.org
အီးမေးလ် / point.org.mm@gmail.com